# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 19, 2019 Volume 25, Number 11


## ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ ဖူးစားပြောင်းအဝင်စိတ်လာ



ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ ဖူးစားပြောင်း စိုက်ပျိုးသူများ အနေဖြင့် မြို့နယ်ကျေးရွာများသို့ ဖြန့်ချိရောင်းချမှုတွင် အဝယ်လိုက်လာသဖြင့် ဖူးစားပြောင်းများ အဝင်စိတ်လာကြောင်းသိရသည်။ ထိုဒေသသည် ဧရာဝတီ မြစ်ရေကျဆင်းချိန်၌ မြေနုကျွန်းပေါ်နှင့် ကုန်းခင်းနေရာများတွင် သီးနှံမျိုးစုံ စိုက်ပျိုးသည့်ဒေသလည်း ဖြစ်ကြောင်းသိရသည်။ လက်ရှိအချိန်၌ ဖူးစားပြောင်း များကို မြို့နယ်ကျေးရွာများသို့ တစ်ဆင့်ဝယ်ယူဖြန့်ချိနေသော ကုန်သည်ပွဲစားများက ကြိုတင်ငွေပေးချေသည့်စနစ်ဖြင့် သီးနှံစိုက်ပျိုး ချေးငွေပေး၍ စိုက်ပျိုးထား ခြင်းကြောင့် အခင်းရှင်များထံ တိုက်ရိုက်ဝယ်ယူမှုများရှိကြောင်းသိရသည်။

ထို့အပြင် ကသာမြို့ပေါ်တွင်လည်း နေ့စဉ်လာရောက်ဝယ်ယူမှုများရှိသကဲ့သို့ မြို့ပေါ်ရှိပွဲရုံများသို့ တိုက်ရိုက်ပို့ဆောင်ကာ ရောင်းချနေသည့် တောင်သူများလည်း ရှိကြောင်း ဖူးစားပြောင်း စိုက်ပျိုးသူတစ်ဦးကပြောသည်။ ကသာမြို့နယ်တွင် မိုးတားလေး၊ သက္ကယ်ကျင်း၊ ကျောက်ထုံးကြီး၊ ဝေအင်းနှင့် ကသာမြို့ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ပုလွေရွှေအုပ်စု၊ ပုလွေရွှေကျေးရွာ၊ ဒုံးအောကျေးရွာနှင့် ဝက်တူး ကျေးရွာဘက်ရှိ မြစ်ကမ်းရိုးတစ်လျှောက်တို့တွင် ဖူးစားပြောင်း ဝယ်ယူစိုက်ပျိုးမှုများ ကြောင်းသိရသည်။ ယခုနှစ်တွင် ပြောင်းဖူး အဝယ်လိုက်သဖြင့် တစ်ဖူးလျှင် ကျပ် ၁၂၀ ဈေးရရှိပြီး သယ်ယူပို့ဆောင်ရေး၌ မြစ်ကမ်းအရောက် လှည်းဖြင့်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုဖြင့်ရောင်းချပေး လျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131116.html

### ၁၉.၁၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆/- ကျပ် |
| CBM Rate | = ၁၅၁၅.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၃.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၁.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ရှမ်းမြောက်လမ်းပိုင်းတွင် လုံခြုံမှုအားနည်းနေသော်လည်း ဖရဲ၊ သခွား ကုန်တင်ကားများ ပုံမှန်ဝင်ရောက်နေ၊ ဈေးကွက်အတက်ဘက်ဦးတည်



ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုလမ်းမကြီးတွင် နိုဝင်ဘာ ၁၂ ရက်နောက်ပိုင်းအတွင်း လက်နက်ကိုင်တပ်များနှင့် ထိတွေ့မှုဖြစ်စဉ်များကြောင့် စိတ်ချရသည့်လုံခြုံရေး မရှိသေး သော်လည်း ပြည်တွင်းမှ တရုတ်နိုင်ငံဘက်သို့ တင်ပို့သည့် ဖရဲ၊ သခွား ကုန်ကားများ (၁၀၅) မိုင် မူဆယ်ကုန်သွယ်ရေးဇုန်သို့ ပုံမှန်ဝင်ရောက်နေပြီး ဈေးကွက်အတက်ဘက်သို့ ဦးတည်နေကြောင်း ခွာညိုဖရဲသခွားပွဲရုံမှသိရသည်။

နိုဝင်ဘာ ၁၂ ရက်နောက်ပိုင်း သိန်းနီ၊ ကွတ်ခိုင်၊ နမ့်ဖတ်ကာ မြို့များ အကြားပြည်ထောင်စုလမ်းပိုင်းတွင် လက်နက်ကိုင်အဖွဲ့များက ပိတ်ဆို့ခြင်းနှင့်ပစ်ခတ်မှုများရှိခဲ့ပြီး တပ်မတော်နှင့်တိုက်ပွဲများဖြစ်ပွားခဲ့ရာက လမ်းပိုင်းအခြေအနေမှာလုံခြုံမှုအားနည်းကာကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များလမ်းပိုင်း၌ ကြန့်ကြာခဲ့သည်။ ဖရဲဈေးကွက်က လက်ရှိတော့ ငြိမ်နေပြီးနောက်ပိုင်းမှာမိုးကုန်သွားပြီဆိုတော့ ဈေးတက်ဖို့ အလားအလာရှိတယ်။ အသီးအရည်အသွေးစိစစ်မှုအပိုင်းမှာ ကောင်းရင်ကောင်းသလို ဈေးကွာတယ်။ ညံ့တဲ့ဖရဲတွေ ဝင်လာရင်တော့ ဈေးကအောက်ကျသွားမှာပဲ။ လမ်းပိုင်းလုံခြုံမှုအားနည်းပေမယ့်ကားတွေ လျော့မသွားဘဲ ပုံမှန်ဝင်နေပြီး လမ်းမှာကြန့်ကြာတာပဲရှိတယ်ဟု ခွာညိုဖရဲ/သခွားပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။

နိုဝင်ဘာ ၁၂ ရက်က ဖရဲကားအစီးရေ ၁၅၀၊ ၁၄ ရက်တွင် ၁၄၄ စီး၊ ၁၆ ရက်က ၁၆၆ စီးနှင့် ၁၇ ရက်တွင် အစီး၁၈၀ တို့မှာ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် ဖရဲကွင်းသို့ရောက်ရှိလာခဲ့ကြောင်း၊ လက်ရှိ ဖရဲဈေးကွက်တွင် ၈၅ ဖရဲသီးမှာ တစ်တန်လျှင် ယွမ် ၆၀၀–၁၀၀၀ အကြားနှင့် ကားစီးပြတ်ဈေးနှုန်း ယွမ် ၄၀၀၀–၈၀၀၀ ရှိပြီး ထဲန်ဝမ်ဖရဲ (AA)မှာ တစ်တန်လျှင် ယွမ်၁၅၀၀–၂၃၀၀ နှင့် အသေးစမှာယွမ် ၁၀၀၀–၁၂၀၀ အကြားရှိကြောင်းသိရသည်။ အစောပိုင်း ရှမ်းဖရဲက တဖြည်းဖြည်းနဲ့ ကုန်သွားတော့ ဗမာသီးဈေးကွက်ကစလာပြီ။ လတ်ဆတ်စွာတင်ပို့နိုင်ဖို့ အရည်အသွေးကောင်းဖို့အရေးကြီးတယ်။ လားရှိုး–မူဆယ်လမ်းပိုင်းမှာ လမ်းမှာရက်တွေပိုကြာလာတယ်။ ဈေးကွက်ပျက်စီးတဲ့ အကြောင်းပြချက်တွေထဲမှာအရည်အသွေးကြောင့်ပျက်တာက ယုတ္တိအတန်ဆုံးပဲ။ မလိုအပ်ဘဲ စုပြုံပြီးဈေးကွက်ထဲဝင်လာရင် ရောင်းလိုအားကောင်းတော့ ဈေးကွက်ထိခိုက်တယ်ဟု ၎င်းကပြောသည်။

ဖရဲစိုက်တောင်သူများတွင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ခူးဆွတ်ပြီး ဈေးကွက်တင်ပို့သည့်စရိတ်ဟူ၍ နှစ်မျိုးရှိရာ ခူးဆွတ်ပြီး ဈေးကွက်တင်ပို့သည့်စရိတ်က ပိုမိုများပြားကြောင်း၊ ဖရဲကားတချို့တွင် ဖရဲသီးများမှာ လမ်းပိုင်းတွင် ကြန့်ကြာခဲ့၍ ဈေးကွက်မဝင်ဘဲ စွန့်ပစ်ရသည့် အရေအတွက်များပြားပြီး ဈေးကွက်ဝင်မှုက ငါးပုံတစ်ပုံခန့်သာရှိ၍ များစွာနစ်နာကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/131098.html

## ပဲဈေးကွက် ဆက်လက်အလားအလာကောင်းနေ

အိန္ဒိယဗဟိုအစိုးရက ကိုတာသတ်မှတ်ချက်အသစ် ထပ်မံထုတ်ပြန်မပေးခင်အချိန်တွင် ပြည်နယ်အစိုးရများ၏ ဒေသန္တရ ခွင့်ပြုမိန့်ဖြင့် ပဲမျိုးစုံကို တင်သွင်းခွင့်ဆက်လက်ပေးထားသောကြောင့် ပဲတင်ပို့သည့်နိုင်ငံများအတွက် အလားအလာကောင်း လျက်ရှိသည်။ အိန္ဒိယအစိုးရက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ရက်နောက်ဆုံးထား၍ နိုင်ငံတကာမှ ကိုတာ စနစ်ဖြင့် မတ်ပဲ ၊ ပဲတီစိမ်းတန်ချိန် သုံးသိန်းနှင့် ပဲစင်းငုံတန်ချိန် လေးသိန်းတင်သွင်းမှုမှာ ပြည့်မြောက်သွားပြီးဖြစ်သော်လည်း စက်တင်ဘာလ အတွင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ပဲသီးနှံများပျက်စီးခဲ့ရသည့်အတွက် ပြည်နယ်အစိုးရကများက လိုအပ်ချက်ကို ဖြည့်ဆည်းရန် တင်သွင်းခွင့်ပြုနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက အိန္ဒိယရဲ့ အခေါ်အဝေါ်အရ Stay Order လို့ ခေါ်တဲ့ ပြည်နယ် အစိုးရခွင့်ပြုမိန့်နဲ့ ဝယ်ယူနေတယ်။ ဗဟိုအစိုးရက ကိုတာကန့်သတ်ချက်ထားပေမယ့် ပြည်နယ် အစိုးရကတော့ လိုအပ်ချက်အရ တင်သွင်းခွင့်ပြုနေတဲ့သဘောပေါ့။ ဒါပေမယ့် အိန္ဒိယမှာ ပေါက်နေတဲ့ ဈေးနှုန်းအတိုင်းတော့ မြန်မာက မရရှိဘူး။ အမြဲတမ်း တစ်တန်ကို ကန်ဒေါ် လာ ၂၀၀ ကနေ ၂၅၀ ကြား ဈေးကွာဟတယ်။ အခုရက်ပိုင်းမှာတော့ မတ်ပဲ တစ်တန်ကို ၁၁ သိန်းခြောက်သောင်းကျော်ပေါက်တယ်ဟုပြောသည်။ အိန္ဒိယတွင် ပဲသီးနှံ ပျက်စီးမှု ကေများပြားနေခြင်း ကြောင့် ၂၀၂၀ ခုနှစ်အတွက် မတ်ပဲလိုအပ်ချက် ကြီးလာနိုင်ပြီး တင်သွင်းခွင့်များလာနိုင်ကြောင်း ကုန်သည်များကသုံးသပ်သည်။ အိန္ဒိယက အဓိက တင်သွင်းမယ့် ပဲတွေကို ကိုတာစနစ် ဆက်လက်ကျင့်သုံးမယ့် သဘောရှိတယ်။ ဆက်လက်ကျင့်သုံးမယ်ဆိုရင် မြန်မာက တောင်သူတွေ စိုက်ပျိုးထွက်ရှိချိန်ဖြစ်တဲ့ မတ်ပဲက မတ်လမှာ ၊ ပဲတီစိမ်းက ဖေဖော်ဝါရီနဲ့ ပဲစင်းငုံက ဇန်နဝါရီ တွေမှာ ထွက်ရှိတော့ ဒီကာလမှာ ကိုတာစနစ်ပိတ်ထားတာမျိုးရှိရင် တောင်သူတွေ ဈေးရနည်းနိုင်တဲ့ စိုးရိမ်မှုတော့ရှိတယ်။ အဓိကတော့ ၂၀၂၀ ပြည့်နှစ်မှာ မတ်ပဲ လိုအပ်ချက်က ကြီးလာနိုင်ပေမယ့် ကိုတာစနစ် ဆက်လက် ကျင့်သုံးဦးမယ်ဆိုတာ လည်းသတိပြုရပါမယ်။ တောင်သူကတော့ရွေးချယ်စိုက်ကြမှာပါဟု ဦးမင်း ကိုဦးက ဆက်လက်ပြောသည်။

ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်က ကိုတာ သက်တမ်းကုန်နေပေမယ့် ပြည်နယ်အစိုးရက သွင်းခွင့်ပေးထားတယ်။ ဒီလ ၁၉ရက်မှာ သဘော်တင်ဖို့ရှိတယ်။ အခုတလော အရောင်းအဝယ်ကတော့ဖြစ်ပါတယ်။ ပြည်တွင်းမှာမတ်ပဲက တန်ချိန် တစ်သိန်းလောက်၊ ပဲစင်းငုံက တန်ချိန်ငါးသောင်းလောက် လက်ကျန်ရှိနိုင်သေးတယ်။ ပဲတီစိမ်းက တစ်နှစ်ပတ်လုံး အဝယ်ရှိ နေတော့ လက်ကျန်မရှိတော့ဘူး။ လက်ရှိပြည်တွင်းမှာ မတ်ပဲ ၈ဝဧရာခိုင်နှုန်းလောက် စိုက်ပြီးကြပြီ။ တောင်သူတွေကတော့ မတ်ပဲမှ မတ်ပဲဖြစ်နေတာ ဆောင်းသီးနှံ အနေနဲ့လည်း ဒါပဲစိုက်စရာရှိတာဟု ပြောသည်။

**Sources: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## စပါးဝယ်မည့် ကုန်သည်မရှိခြင်းနှင့် ရာသီဥတုဖျက်ဆီးခြင်းတို့ကြောင့် ပဲခူးခရိုင်အတွင်းရှိ လယ်သမားများ အကျပ်အတည်းဖြစ်ပေါ်နေ



မိုးရေလိုအပ်နေချိန် မိုးမရွာ၍ လယ်ကွင်းများ ခြောက်သွေ့အက်ကွဲခြင်း၊ စပါးရိတ်သိမ်းချိန်အခါလွန်မိုး ရွာသွန်း ခြင်းတို့ကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နေစဉ် စပါးဈေးနှုန်း ကျဆင်းကာ စပါးဝယ်မည့် ကုန်သည်ပါမရှိသောကြောင့် ပဲခူးခရိုင်အတွင်းရှိ လယ်သမားအများစုမှာ အကျပ်အတည်း များဖြစ်ပေါ်နေကြောင်းသိရသည်။

ယခုနှစ်အတွင်း ပဲခူးခရိုင်အတွင်း၌ မိုးရွာသွန်းမှုများပြီး မြစ်ရေကြီး၍ စပါးစိုက်ပျိုးချိန်တွင် စပါးစိုက်ခင်းများ ရေကြီး နစ်မြုပ် ပျက်စီးခြင်း၊ စပါးခင်းများ မိုးရေလိုအပ်ချိန်တွင် မိုးရေမရရှိဘဲ စပါးပင်များ ရေပြိုခြင်း၊ စပါးပင်များရိတ်သိမ်း ချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် စပါးအထွက်နှုန်းလျော့၍ ဆုံးရှုံးမှုများစွာဖြစ်ပေါ်နေချိန်တွင် စပါးဈေးနှုန်း ကျဆင်းကာ ဝယ်ယူမည့်ကုန်သည်များပါ မရှိသောကြောင့် လယ်သမားအများစုမှာ ကျပ်တည်းမှုများ ဖြစ်ပေါ် နေရခြင်းဖြစ်ကြောင်းသိရသည်။ ဒီနှစ်လယ်သမားတွေအတွက်တော့ အဆိုးဆုံးနှစ်လို့ပြောရမယ်။ စိုက်တဲ့အချိန်မှာ ရေကြီး နစ်မြုပ်တယ်။ အသီးအောင်ဖို့ ရေလိုနေတဲ့ အချိန်ကျတော့ မိုးကမရွာဘူး။ တော်သလင်းလကုန်လောက်မှာ မိုးရေပြတ်ပြီး လယ်တွေခြောက်ကုန်တယ်။ အခုမှည့်လို့ ရိတ်သိမ်းမယ်လုပ်တော့ မိုးကရွာလိုက်တာ ရိတ်ရတာ အခက်အခဲတွေရှိတယ်။ စပါးတွေ မိုးစိုတော့ ခြွေရတာလှေ့ရတာ အခက်အခဲတွေ ဖြစ်တယ်။ ရိတ်ထားတဲ့ လယ်လေးတွေမှာ ပဲတီစိမ်းလေးကြဲထားတာ အပင်ပေါက်ပဲ ရှိသေးတယ်။ မိုးရွာတော့ ရေနစ်သေပြန်ရော စပါးဈေးက ၃၃၀၀၀၀ လောက်ကြားတယ်။ ဝယ်မယ့်သူမရှိဘူး။

ဈေးတအားနည်းတော့ လယ်သမားတွေကလည်း မရောင်းချင်ဘူး။ မနှစ်က ဒီအချိန်ဆို ငါးသိန်းလောက်နဲ့ဝယ်သူရှိတယ်။ လုပ်ရကိုင်ရတာ ဒုက္ခရောက်ကြတဲ့အပြင် စပါးဝယ်သူပါ မရှိတော့ အားလုံးကျပ်တည်းနေကြပါတယ်။ အခြားနှစ်တွေကလည်း ပြေလည်တယ် မဟုတ်ပါဘူး။ ဘိုးဘွားလက်ထက်တည်းက လယ်စိုက်တဲ့အလုပ်ပဲ လုပ်ခဲ့တော့ ရှုံးရှုံးမြတ်မြတ် လုပ်နေကြရတာပါဟု ပဲခူးမြို့နယ်အတွင်းရှိ လယ်သမား ဦးသန်းဆောင်ကပြောကြားသည်။

ထို့အပြင် စပါးစိုက်ပျိုးရာတွင် ကျွဲနွားများ ရှားပါးလာ၍ ကျွဲနွားများနေရာတွင် စက်ပစ္စည်းများ ငှားရမ်းအသုံးပြုရခြင်း၊ လယ်လုပ်သားများ ရှားပါးလာခြင်း၊ လယ်ယာစိုက်ပျိုးချိန်တွင် ငွေကြေးလိုအပ်ချက်များကြောင်း အတိုးနှုန်းကြီးစွာ ချေးယူအသုံးပြုရခြင်းတို့ကြောင့် လယ်သမားအများစုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကျပ်တည်းလာကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/146071

## ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၅၉ ဒသမ ၈၅ ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ် ကာလတူထက် ၉ ဒသမ ၅၁ ရာခိုင်နှုန်း မြင့်တက်



၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၅၉ ဒသမ ၈၅ ရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ၉ ဒသမ ၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအရသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွက် တစ်နိုင်ငံလုံး၏ စားသုံးသူ ဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၇၂ ဒသမ ၆၁၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၄၁ ဒသမ ၉၁ နှင့် အုပ်စုအားလုံးအတွက် ၁၅၉ ဒသမ ၈၅ ရှိပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခင်နှစ် ကာလတူထက် စားသုံးသူ ဈေးဆနှုန်း မြင့်တက်လာခြင်းမှာ စားသုံးသူဈေးဆနှုန်း တွက်ချက်ရန်ကောက်ခံသည့် အုပ်စုအားလုံးတွင်ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်တာ ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ၁၄၁ ဒသမ ၁၃ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၁၄၈ ဒသမ ၉၅ အထိ မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က သုံးသပ်တင်ပြထားသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းတွင်မူ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ ကျဆင်းလာခြင်းကြောင့် ဆက်စပ် ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်း လာခြင်း၊ ဆန်သစ်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ကျဆင်းခြင်း၊ ဆောင်းရာသီဖြစ်ခြင်းကြောင့် အသီးအနှံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများနှင့် ကုန်ခြောက်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ နိုင်ငံခြား ငွေလဲနှုန်းများ ဆက်တိုက်ကျဆင်းခဲ့သော်လည်း အသား၊ ငါးနှင့် ဥဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရွှေဈေးနှုန်းများမြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း ပြန်လည်မြင့်တက်ခဲ့ရာ စက်တင်ဘာလအထိ ဆက်လက် မြင့်တက်နေသည်ကိုတွေ့ရကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က သုံးသပ်တင်ပြထားသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကို ကြည့်ပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီးသုံးမြို့ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်ကျဆင်းနေပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်နေပြည်တော်တို့တွင် သိသာစွာမြင့်တက်မှု မရှိဘဲ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မြင့်တက်ခဲ့သည်ကိုတွေ့ရသည်။ လအလိုက်ပြောင်းလဲမှု ရာခိုင်နှုန်း

အနေဖြင့် ရောဝတီတိုင်းဒေသကြီးတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့် အများဆုံးမြင့်တက်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ်နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စု ဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်း ကောက်ယူခဲ့ကြောင်းသိရသည်။

**Source:** https://news–eleven.com/article/145977

## တမူးမြို့နယ်တွင် စီးပွားဖြစ် မှိုစိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေအမြတ်အစွန်းရရှိ



စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် စီးပွားဖြစ် ငွေနှင်းမှို (ခေါ်) မှိုမျိုး စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေအမြတ်အစွန်းရလျက်ရှိကြောင်းသိရသည်။ ကျွန်မတို့ စိုက်ပျိုးထုတ်လုပ်တဲ့ မှိုမျိုးကတော့ ငွေနှင်းမှိုလို့ခေါ်တဲ့မှိုမျိုးတွေ ရန်ကုန်မြို့ကိုမှာပြီး ဝယ်ယူရပါတယ်။ တမူးမြို့အရောက်ဆိုရင် ရေသန့်ဘူးအရွယ်အစားနီးနီးလောက်ရှိတဲ့ဘူးထဲမျိုးထည့်ပြီး တစ်ဘူးကို ကျပ် ၇၀၀ နဲ့ ဝယ်ယူပါတယ်။ မှိုမျိုးတွေစိုက်ပျိုးတဲ့အခါ ခြောက်ပေ၊ ခုနစ်ပေရှိတဲ့ ခုံရှည် အဆင့်သုံးဆင့် မှာ ဘူး ၄၀ လောက် စိုက်ပျိုးရပါတယ်။ လက် ရှိမှာတော့ မှိုဘူးပေါင်း ၄၀၀ လောက်စိုက်ပျိုးထားပါတယ်ဟု တမူးမြို့ စန္ဒကူး (၃) ရပ်ကွက်ရှိ မှိုစိုက်ပျိုးထုတ်လုပ်ရောင်းချသူ ဒေါ်ကြည်ကြည်ဌေးက ပြောသည်။

စိုက်ပျိုးမှုနည်းစနစ်မှာ မျိုးရောက်လာပါက သုံးရက်ခန့် ရေမလောင်းဘဲထားရပြီး စိုက်ပျိုးပြီး လေးရက်မြောက်နေ့တွင် ရေစတင်လောင်းရကြောင်း၊ မှိုထုပ်များကို လေဝင်လေထွက်ရှိ၍ တိုက်ရိုက် နေမပူသောနေရာတွင်ထားကာ စိုထိုင်းဆ ရာခိုင်နှုန်း ၈၀ ရှိရမည်ဖြစ်ကြောင်း၊ မှိုထုပ်များကို တစ်ဆင့်နှင့်တစ်ဆင့် တစ်ပေခွဲ အကွာအဝေးရှိသော ဝါးစင်၊ သစ်သားစင်၊ သံစင်များပေါ်တွင် ထောင်၍သော်လည်းကောင်း၊ လှဲ၍သော်လည်းကောင်း ထားရကြောင်း၊ စိုက်ပျိုးပြီး နှစ်ပတ်ခန့်ကြာလျှင် မှိုပင်စတင်ထွက်လာကာ တစ်ဘူးလျှင် ငါးကျပ်သားခန့်ထွက် ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါ ငွေနှင်းမှိုမှိုမျိုးကို စတင်စိုက်ပျိုးချိန်မှ မှိုကုန်ဆုံးသည်အထိ ငါးလအတွင်း နှစ်ပတ်လျှင်တစ်ကြိမ်ကောက်၍ရောင်းချနိုင်ပြီး တစ်ကြိမ်ကောက်လျှင် ပိဿာချိန် ၂၀ ကျော်ရရှိရာ စတင်စိုက်ပျိုးသည်မှ မှိုသက်တမ်းကုန်ဆုံးသည်အထိငွေကျပ် ၁၀ သိန်း မှ ၁၃ သိန်း ဝန်းကျင် အမြတ်အစွန်းရရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131132.html

## မြန်မာ့ရေထွက်ပို့ကုန် တင်ပို့မှု ၅ နှစ် အတွင်း စံချိန်တင်မြင့်တက်



ပြည်ပနိုင်ငံများသို့ တင်ပို့နေသည့် မြန်မာ့ရေထွက်ကုန်တင်ပို့မှုသည် ၂၀၁၈–၁၉ ဘဏ္ဍာနှစ်တွင် အမြင့်ဆုံး စံချိန်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၇၂၀ ကျော်အထိရှိလာခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီး ဌာနထံမှသိရသည်။ ထိုပမာဏသည် ၂၀၁၁ ခုနှစ်က စတင်ခဲ့သော အရပ်သား အစိုးရ ၂ ဆက်အတွင်း အမြင့်ဆုံးတင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဒီသန်း ၇၀၀ ကျော်ဆိုတာ ရပြီးသားနှစ်တွေထဲမှာ စံချိန်တင်တယ်။ ဒီနှစ်ကို ဒီထက်တောင်ရမယ်ဆိုပြီး ကျနော်တို့တော့ မှန်းထားတာဟု ရောဝတီသို့ပြောသည်။ ၂၀၁၈ (Mini Budget) ကြားကာလ ၆ လ တွင်လည်း

ရေထွက်ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး ရှိခဲ့ခြင်းကြောင့် တနှစ်ခွဲကျော် ကာလအတွင်းတွင် မြန်မာ့ရေထွက်ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်အထိရှိသည်။ ၂၀၁၄-၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၂ သန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၂ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၂ သန်းနှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၆၉၉ သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံ ရေထွက်ပို့ကုန်တင်ပို့မှုတွင် သဘာဝမှ ဖမ်းဆီးရရှိမှုသည် အကန့်အသတ်ရှိနေပြီဖြစ်ကာ ပြီးခဲ့သည့် နှစ်က ရရှိထားသော မြန်မာ့မွေးမြူရေးငါးများကို အီးယူသို့တင်ပို့ခွင့် အခွင့်အရေးကိုအသုံးချပြီး ပြည်တွင်းငါးမွေးမြူရေးကို ပိုမိုလုပ်ဆောင်လာနိုင်ပါက ရေထွက်ပို့ကုန်တင်ပို့မှုသည် ယခုထက် ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ယခုလို ရေထွက်ပို့ကုန် တင်ပို့မှုပြန်လည်မြင့်တက်လာခြင်းသည် ဇွန်လမှသြဂုတ်လအထိ ငါးမဖမ်းရရာသီသုံးလကို ရာခိုင်နှုန်းပြည့် ပိတ်သိမ်းလိုက်ခြင်းကြောင့် တန်ဖိုးမြင့်ငါးများ တန်ချိန်ပြည့်ရရှိလာခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်မီသော စက်ရုံအရေအတွက်များ တိုးတက်လာခြင်းကြောင့်လည်း အီးယူသို့တင်ပို့သည့် ဝင်ငွေများတိုးတက်လာ ခြင်းတို့ကြောင့်ဖြစ်ကြောင်း ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်ကပြောသည်။ ဦးထွန်းဝင်းမြင့်က ရေထွက်ပို့ကုန်ကဏ္ဍက အများကြီးအလားအလာရှိတဲ့အတွက် အစိုးရကလည်း လုပ်ဆောင်နေတယ်။ နည်းပညာနဲ့ အရင်းအနှီးကို အထိုက်အလျှောက်ဖြည့်နိုင်ပြီဆိုရင် ၁ ဘီလီယံကနေ ၂ ဘီလီယံ နောက် ထိုင်းတို့ ဗီယက်နမ်တို့ နီးတူ လိုက်တင်ပို့နိုင်လာမှာဟုဆိုသည်။ ငါးလုပ်ငန်းရှင်များ ငွေကြေးအရင်းအနှီးရရှိနိုင်ရန်အတွက် အစိုးရအနေဖြင့်လည်း လုပ်ဆောင်ပေးလျက်ရှိပြီး လုပ်ငန်း ရှင်များဘက်ကလည်း မိမိလိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဦးထွန်းဝင်းမြင့်ကပြောဆိုသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် Global Earth Agro and Aqua Industry အများပိုင်ကုမ္ပဏီက စတင်လုပ်ဆောင်နေပြီဖြစ်သော ငါးသားဖောက်လုပ်ငန်းများမှ ပြည်ပသို့တင်ပို့နိုင်သည့်အထိလုပ်ဆောင်မည် Food Industry Complex စီမံကိန်းအရလည်း လာမည့် ၂၀၂၀ ခုနှစ်တွင် ပြည်ပရေထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်အထိ ရှိလာနိုင်မည်ဟု လုပ်ငန်းရှင်များနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က မျှော်မှန်းထားသည်။ မြန်မာနိုင်ငံငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မှူးက ဒီစီမံကိန်းက Export အတွက်လုပ်တာ အဲ့ဒီမှာက သားဖောက်စခန်းရော၊ အစာစက်ရုံရော ငါးကန်တွေရော အပြီးအစီးဖြစ်တဲ့အတွက် တရုတ်လိုချင်တဲ့ ငါးတွေလည်း ပို့နိုင်မယ်။ ထိုင်းကနေ တရားမဝင် ဝင်လာနေတာတွေကို တားဆီးနိုင်မယ်။ နောက်ပြီး အီးယူ နဲ့ အမေရိကန်တင်ပို့နိုင်တယ်အထိ ဖြစ်လာနိုင်တယ်ဟု ဧရာဝတီသို့ ပြောသည်။

မြန်မာနိုင်ငံမှ ရေထွက်ပို့ကုန် တင်ပို့ကို တရုတ်နိုင်ငံကို အဓိကတင်ပို့လျက်ရှိပြီး ၎င်းနောက်တွင် ထိုင်းနိုင်ငံ၊ ဂျပန် နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ရှိပြီး ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း ငါးခုံးမ၊ ငါးတန်၊ ငါးရှဉ့် ၊ ပုစွန် နှင့် ဂဏန်း အပါအဝင် အခြားရေထွက်ကုန်များကို တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များတင်ပို့မှုတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ၆ ဆမှ ၈ ဆခန့် နည်းပါးနေသေးခြင်းကြောင့် သဘာဝမှဖမ်းဆီးခြင်းထက် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာရေးအတွက် အစိုးရနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့က လုပ်ဆောင်လျက်ရှိသည်။

**Source:** https://burma.irrawaddy.com/business/2019/11/19/208585.html

## မန္တလေးပတ်ဝန်းကျင်နယ်များနှင့် မြန်မာပြည်အထက်ပိုင်းဒေသတို့တွင် တရုတ်အဝယ်များနေပြီး ဈေးကောင်းရနေသော နှမ်းနှင့်မြေပဲကို တောင်သူများ အဓိကစိုက်ပျိုးလာ

မန္တလေးပတ်ဝန်းကျင်နယ်များနှင့် မြန်မာပြည်အထက်ပိုင်း အထက်ပိုင်းဒေသတို့တွင် တရုတ်အဝယ်များနေပြီး ဈေးကောင်းရနေသည့် နှမ်းနှင့်မြေပဲတို့သာ တောင်သူများက အဓိထားစိုက်ပျိုးလာကြသည်ဟု မန္တလေးမြို့ ပဲကုန်သည်များထံကသိရသည်။ ယခုရက်ပိုင်းအတွင်း မန္တလေး ပဲဈေးကွက်တွင် မြန်မာပြည်အထက်ပိုင်းဒေသ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ မြိတောင်နယ်တို့မှ ထွက်ရှိလာသည့် ဆောင်းဦးနှမ်းနက်များ မနှစ်က အဖွင့်ဈေးထက်ဈေးပိုရပြီး တောင်သူများအကျိုးဖြစ်ထွန်းကြောင်း၊

လျှောင်လက်များ အဖွင့်ဈေးအမြင့်ဖြင့် ဝယ်ယူမှုမရှိသော်လည်း တရုတ်ဘက်မှ အဝယ်များနေသောကြောင့် ပေါ်ဦးပေါ်ဖျား ဖြစ်ပေမယ့် တောင်သူများ ဈေးကောင်းရနေပြီး နှမ်းစိုက်ဧကနှင့် မြေပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနေကြောင်း၊ အခြားသီးနှံများအတွက် မစိုက်ကြဘဲ အစားထိုးစိုက်ဧက တိုးချဲ့စိုက်ပျိုးနေကြသည်ဟု မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုဥက္ကဋ္ဌ ဦးမျိုးဆွေကပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ စမုန်နှမ်းအနက် ထပ်စ ကျပ် ၂၅၅၀၀၀က နေ၂၅၈၀၀၀ ဈေးပေါက်နေတယ်။ ရိုးရိုးနှမ်းအနက် ကောင်းတာဆို ကျပ် ၂၃၀၀၀၀ ကနေ ကျပ် ၂၃၅၀၀၀ ဈေးရှိတယ်။ နှမ်းအညို ကျပ် ၁၄၀၀၀၀၊ နှမ်းအနီ ကျပ် ၁၄၄၀၀၀ ရောနှမ်းအဝါ ကျပ် ၁၄၄၀၀၀ ဈေးရှိတယ်။ အခုလောလောဆယ် နှမ်းကအရောင်းအဝယ်ကောင်းနေပြီး တရုတ်ဘက်အသွားများနေတယ်။ အခုချိန်က တောင်သူတွေအတွက် ပေါ်ဦးပေါ်ဖျား ဈေးကောင်းရတဲ့အတွက် တောင်သူတွေ အဆင်ပြေနေတယ်။ တောင်သူတွေက ထွက်သမျှ ဈေးကောင်းရပြီး ရောင်းနေကြတယ်။ တောင်သူတွေ အခုချိန်မှာတရုတ်ဘက်အဝယ်များနေတဲ့ နှမ်းမြေပဲတို့ကို မန္တလေးဝန်းကျင်နဲ့ အထက်ပိုင်းဒေသရှိတဲ့ တောင်သူတွေက ဦးစားပေး စိုက်ပျိုးနေကြတယ်။ တခြား သီးနှံတို့ကို မစိုက်ပျိုးကြတော့ဘူးနည်းသွားပြီ။ ဒီချိန်ဆို မကြာခင် ပဲစင်းငုံအသစ် မတ်ပဲအသစ် ဈေးကွက်ထဲဝင်ရောက်ဖို့ရှိပေမဲ့ စိုက်ဧကနည်းသွားတာကြောင့် ပစ္စည်းဝင်ရောက်ဖို့က ဈေးကွက်ပြောင်းလဲနိုင်ဖို့မရှိဘူးဟု မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုဥက္ကဋ္ဌ ဦးမျိုးဆွေကပြောကြားသည်။

မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်မှထွက်ရှိသည့် ဆောင်းဦးသီးနှံ နှမ်းနက်များသည် မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် မိုးဦးနှမ်းနက်ထက် ဈေးပိုရနေကြောင်း သိရသည်။ နှမ်းနက်ကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးကြသည်။ နှမ်းနက်သည် ပြည်တွင်းစားသုံးမှုနည်းပါးပြီး ပြည်ပပို့ကုန်အဖြစ် အားထားစိုက်ပျိုးသည် သီးနှံဖြစ်သည်။ မန္တလေးပဲဈေးကွက်မှာ တရုတ်ဘက်မှ ပုံမှန်ဝယ်နေသည့် ပဲတီစိမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ မှ ၁၁၀၀၀၀ ကြားဈေးရှိပြီး ကုလားပဲအုပ်စုဝင် ထိုင်ဝမ်ကုလားပဲ သုံးတင်းတစ်အိတ်လျှင်ကျပ် ၈၁၀၀၀ ဈေး၊ V2 ကုလားပဲကျပ် ၈၃၀၀၀၊ 929 ကုလားပဲ သုံးတင်းတစ်အိတ်လျှင် ၈၂၀၀၀၊ V7 ကုလားပဲသုံးတင်းတစ်အိတ်လျှင် ကျပ် ၇၉၀၀၀၊ မတ်ပဲသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဈေးရှိကြောင်း စုံစမ်းသိရသည်။

**Source:** https://news-eleven.com/article/146074

## မြန်မာနိုင်ငံသို့ မော်တော်ယာဉ် အပိုပစ္စည်းတင်သွင်းမှုတွင် ထိုင်းနိုင်ငံက အများဆုံးတင်သွင်းကြောင်းသိရ

မြန်မာနိုင်ငံတွင်းသို့ မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှုတွင် တန်ဖိုးအရ ထိုင်းနိုင်ငံက အများဆုံးတင်သွင်းကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းထိုက်လွင်က ပြောကြားသည်။ နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားခဲ့ခြင်းဖြစ်သည်။ အခုလက်ရှိတင်သွင်းနေတာကတော့ အိမ်နီးချင်းနိုင်ငံတွေကပဲ အဓိကတင်သွင်းပါတယ်။ ယိုးဒယားရယ်၊ တရုတ်ပြည်ရယ်၊ ဗီယက်နမ်ပေါ့နော်။ ပစ္စည်းတွေက မျိုးစုံဆိုတော့ ပြောရတာတော့ ခက်တယ်ပေါ့။ အဓိက တင်သွင်းတာကတော့ လေးနိုင်ငံတင်သွင်းပါတယ်။ အများဆုံးတင်သွင်းတာကတော့ တန်ဖိုးအရ ယိုးဒယားပေါ့။ အဓိက တင်သွင်းတဲ့ မြို့တွေကတော့ ကုန်းလမ်းနဲ့လာတဲ့ဟာကတော့ နယ်စပ်ပေါက်တွေရှိတဲ့ မူဆယ်ဘက်ကရှိမယ်။ မြဝတီဘက်ကရှိမယ်။ ဒါက ကုန်းလမ်းပေါ့။ ရေလမ်းကတော့ ကျွန်တော်တို့ ရန်ကုန်ကို ရေကြောင်းနဲ့ တိုက်ရိုက်လာတာဆိုတော့ ရေကြောင်းတစ်ခုပဲရှိတယ်လေ။ တင်သွင်းတာကတော့ ပုံမှန်လမ်းကြောင်းအတိုင်းပဲ တင်သွင်းကြတာပါဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းထိုက်လွင်က ပြောကြားသည်။ ထို့နောက် နယ်စပ်မှ တင်သွင်းရာတွင် တစ်ခါတရံ တိုက်ပွဲများရှိသော်လည်း တင်သွင်းမှုသည် ရုတ်တရက် ရပ်သွားခြင်းမရှိဘဲ ပွင့်လင်းချိန်ရောက်လျှင် ပြန်လည်တင်သွင်းကြကြောင်း၊ သို့မဟုတ် ၎င်းနေရာများပိတ်လျှင် အချို့သောပစ္စည်းများကို သင်္ဘောဖြင့် သယ်ကြကြောင်း၊ တရုတ်ပြည်မှလာသော ပစ္စည်းများကို အများအားဖြင့် ရေကြောင်းဖြင့်သာ သယ်ယူကြောင်း ဦးသန်းထိုက်လွင်က ဆက်လက်ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် မော်တော်ယာဉ်နှင့်ပတ်သက်ပြီး တပ်ဆင်မှုကဏ္ဍ များပြားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းထိုက်လွင်က ပြောကြားသည်။ မြန်မာနိုင်ငံမှာဆိုရင်လည်း မော်တော်ယာဉ်နဲ့ပတ်သက်တဲ့ တပ်ဆင်မှုကဏ္ဍဟာလည်း မြန်မာနိုင်ငံမှာဆိုရင် တော်တော်များများ ဖြစ်လာပြီ။ ဂျပန်နိုင်ငံက မော်တော်ယာဉ် ထုတ်လုပ်တပ်ဆင်တဲ့ကုမ္ပဏီတွေလည်း ရောက်လာသလို အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံစတဲ့ ဒီလိုမျိုးနိုင်ငံတွေကအစ ရောက်ရှိလာပြီလည်း ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ဒီကဏ္ဍတွေမှာ တဖြည်းဖြည်းနဲ့ ပိုမိုဖွံ့ဖြိုးလာမယ့်ကဏ္ဍကြီးမှာ ကျွန်တော်တို့ အော်တိုပါ့စင်တာနဲ့ မန်နူရယ်စင်တာ Supply Change တစ်ခုလုံးဟာ တိုးတက်လာမှာလည်း ကျွန်တော်တို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်းကို ကျွန်တော်တို့က မြန်မာနိုင်ငံရဲ့ ရှေးလာမယ့်မော်တော်ယာဉ်ကဏ္ဍမှာ တိုးတက်ဖို့အတွက်ကို တစ်ထောင့်တစ်နေရာကနေ ပါဝင်နိုင်ဖို့အတွက်ကို ဖွဲ့စည်းခြင်းဖြစ်ပါတယ်ဟု ၎င်းကဆိုသည်။

ထို့ပြင်မြန်မာနိုင်ငံသည် ယခုအချိန်မှ မော်တော်ယာဉ်ထုတ်လုပ်တပ်ဆင်ခြင်းကဏ္ဍကို အမှန်တကယ် အင်နှင့်အားနှင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဈေးကွက်ကိုဖော်ဆောင်နိုင်ရန်လိုကြောင်း၊ ထို့နောက် ပြည်တွင်းလိုအပ်ချက်များ ပြည့်စုံသွားလျှင် နိုင်ငံခြားကိုပြန်လည်တင်ပို့မှုများ ဖြစ်လာမည်ဖြစ်ကာ အိမ်နီးချင်းနိုင်ငံများသည်လည်း ယင်းအဆင့်များကို ဖြတ်ကျော်သွားခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍသည် အစတွင်ရှိသည်ဟုသာယူဆကြောင်း၊ သို့သော် လုပ်ဆောင်ရန်အတွက် အခွင့်အရေးများစွာရှိနေ၍ ၎င်းကဏ္ဍသည် များစွာတိုးလာမည်ဖြစ်ကြောင်း ဦးသန်းထိုက်လွင်က ပြောကြားသည်။ အဆိုပါပထမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/146046

## တရုတ်ရှေ့သခွားမွှေးမျိုးစေ့ကို လိုသလောက်ဝယ်ယူမရ၍ တောင်သူများအခက်ကြုံ



တရုတ်ရှေ့သခွားမွှေး (ဆင်ရှေ့) မျိုးစေ့ကို လိုသလောက်ဝယ်ယူမရ၍ စိုက်ပျိုးရန် အခက်ကြုံနေရကြောင်း တောင်သူများထံမှ သိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ သခွားအများဆုံးစိုက်တယ်။ ဖရဲကမျိုးစေ့ဝယ်ယူသုံးစွဲရတာလွယ်ကူတယ်။ သခွားက ဒီနှစ်တော့ မျိုးစေ့အခက်အခဲကြုံနေရတယ်။ တရုတ်နိုင်ငံဘက်က မျိုးစေ့အလုံအလောက်ဝယ်လို့မရဘူး။ သူက ကီလိုအလိုက်ဝယ်ရတယ်။ မျိုးစေ့ကို ပြီးခဲ့တဲ့နှစ်က ပွဲရုံတွေက တရုတ်နိုင်ငံဘက်ကဝယ်ပြီး တောင်သူတွေဆီ ဖြန့်ပေးတယ်။ အခု တရုတ်ဝယ်လက်တွေဆီကမရဘူး။ စိုက်ရမယ့် ရာသီရောက်နေပေမယ့် မျိုးစေ့လိုအပ်ချက်ရှိနေတယ်ဟု စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က ပြောကြားခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆင်ရှေ့၊ ဂူခုန်း၊ ဖရဲနှင့် သခွားတို့ကို စိုက်ပျိုးပြီး မိုးစိုက်သခွားကို အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ခူးဆွတ်ခြင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စုစုပေါင်းစိုက်ဧက ၃၀၀၀၀ ကျော်ရှိကြောင်း သိရပါတယ်။ တရုတ်နိုင်ငံဘက်က မျိုးစေ့ဝယ်ယူပြီးတော့ စိုက်တာက မျိုးမမှန်တာတွေ တွေ့ကြုံနေရတယ်။ မျိုးကို ပွဲရုံတွေကနေ တစ်ဆင့်ပြန်ဝယ်ယူရတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း တိုက်ရိုက်ဆက်သွယ်ပြီး ဝယ်လို့မရဘူး။ တောင်သူတွေအဓိက တွေ့ကြုံနေရတာက မျိုးစေ့နဲ့သွင်းအားစု အခက်အခဲတွေပါဟု ရေဦးမြို့နယ် ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြောကြားခဲ့ပါတယ်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2497-farmers-are-unable-to-buy-as-much-chinese-chilli-seeds-as-they-need.html

## အီးယူ-စင်ကာပူ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် စတင်အသက်ဝင်တော့မည်

အီးယူနှင့် စင်ကာပူနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီ ချက်သည် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုခဲ့မှုနှင့်အတူ လာမည့် ၂၁.၁၁.၂၀၁၉ နေ့မှစတင်၍ အသက်ဝင်တော့မည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ ၈.၁၁.၂၀၁၉ နေ့တွင် ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဥရောပကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ Jean-Claude Juncker က ယခုသဘောတူညီချက်သည် ဥရောပသမဂ္ဂနှင့် အရှေ့တောင်အာရှဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတို့အကြား ပထမဦးဆုံး လက်မှတ်ရေးထိုးသည့် နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး၊ ဥရောပနှင့် ကမ္ဘာ့တိုးတက်ပြောင်းလဲမှုအရှိဆုံးဒေသများအနက် တစ်ခုတို့အကြား ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယခုသဘောတူညီချက် အသက်ဝင်ခဲ့ခြင်းသည် ပွင့်လင်း လွတ်လပ်၍ မျှတမှုရှိပြီး စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုအပေါ် ကတိကဝတ်ပြု ထားကြသည့် မိတ်ဖက်များနှင့် ကွန်ယက်တည်ထောင်ဆောင်ရွက်ရန် ဥရောပကော်မရှင်၏ ကြိုးပမ်းမှုများ၏ အောင်မြင်မှုလည်းဖြစ်ပါကြောင်း၊ မိမိစတင်တာဝန်ယူခဲ့သည့် ၂၀၁၄ ခုနှစ်တွင် အီးယူ၏ အလုပ်အကိုင်အသစ် (၅)သန်းကို ကုန်သွယ်ရေးကဏ္ဍမှ ဖန်တီး ပေးခဲ့ပါကြောင်း၊ ယခုအချိန်တွင် ကုန်သွယ်မှုကဏ္ဍသည် လူပေါင်း (၃၆)သန်း၏ အလုပ်အကိုင်ရရှိမှုကို ထည့်ဝင်အကျိုးပြုထားပါကြောင်း၊ ယင်းသည် အီးယူ ဂျီဒီပီ၏ ၃၅ ရာခိုင်နှုန်းကို ကိုယ်စားပြုထားပြီး၊ ကုန်သွယ်မှုသည် အီးယူအတွက် အရေးပါမှုကို ပြသနေခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Cecilia Malmstrom က စင်ကာပူနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်သည် မျှတ၍ စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုအပေါ် မိမိတို့၏ ကတိကဝတ်ပြုမှုကို ထပ်မံ၍သက်သေပြခြင်း ဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်သည် အီးယူနှင့် စင်ကာပူနှစ်ဖက်စလုံးရှိ အလုပ်သမား၊ လယ်သမားများနှင့် ကုမ္ပဏီများအားလုံးကို အကျိုးကျေးဇူးရရှိစေမည် ဖြစ်ကြောင်း၊ သဘောတူညီချက်သည် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များလည်းပါဝင်ပါကြောင်း၊ ယခု သဘောတူညီချက်သည် ပြီးခဲ့သည့် (၅)နှစ်ကာလအတွင်း အီးယူ၏ (၁၆) ခုမြောက် ကုန်သွယ်ရေး သဘောတူညီမှုလည်းဖြစ်ကြောင်း၊ အီးယူအနေဖြင့် မိတ်ဖက်(၇၃)နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက် စုစုပေါင်း (၄၂) ခုရှိခဲ့ပြီဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကုန်သွယ်မှုကွန်ယက်တစ်ခုလည်း ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ စင်ကာပူနိုင်ငံသည် လက်ရှိအချိန်တွင် အရှေ့တောင်အာရှဒေသရှိ အီးယူ၏ အကြီးမားဆုံးကုန်သွယ်ဖက် နိုင်ငံအဖြစ်ရပ်တည်နေပြီး၊ နှစ်နိုင်ငံကုန်စည်ကုန်သွယ်မှုပမာဏ ယူရို (၅၃) ဘီလီယံနှင့် ဝန်ဆောင်မှုကုန်သွယ်မှုပမာဏမှာ ယူရို (၅၁) ဘီလီယံရှိကြောင်း၊ အီးယူ၏ ကုမ္ပဏီပေါင်း(၁၀၀၀၀) ကျော်သည် စင်ကာပူနိုင်ငံတွင် တည်ထောင်ထားရှိပြီး၊ ပစိဖိတ်ဒေသ တစ်ခုလုံးအတွက် ၎င်းတို့၏ ဗဟိုချက်အဖြစ် အသုံးပြုလျက်ရှိနေကြောင်း၊ ထို့အပြင် စင်ကာပူနိုင်ငံသည် အာရှဒေသတွင် ဥရောပ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် ဒေသလည်းဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အီးယူနှင့် စင်ကာပူနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ လျင်မြန်စွာ တိုးတက်လာခဲ့ပြီး၊ ၂၀၁၇ ခုနှစ်တွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုမှာ ယူရို (၃၄၄)ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါကုန်သွယ်မှုသဘောတူညီချက်အရ စင်ကာပူနိုင်ငံအနေဖြင့် အီးယူထုတ်ကုန် ပစ္စည်းများအပေါ် ကျန်ရှိနေသည့် အခွန်နှုန်းထားများအားလုံးကို ဖယ်ရှားသွားမည် ဖြစ်ကြောင်း၊ ယခုသဘောတူညီချက်သည် အီးယူ၏ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု၊ အင်ဂျင်နီယာလုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အခွင့်အလမ်း များရရှိစေမည်ဖြစ်ကြောင်း၊ ယခုသဘောတူညီချက်အသက်ဝင် အာဏာတည်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဝန်းကျင်ကို ခန့်မှန်းရပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ သဘောတူညီချက်အရ အီးယူ၏ အထင်ကရဖြစ်သော အစားအသောက်နှင့် အဖျော် ယမကာ ထုတ်ကုန် (၁၃၈) မျိုး၏ ဒေသဆိုင်ရာအညွှန်း (Geographical Indications) အတွက်လည်း တရားဝင်အကာအကွယ်ပေးနိုင်စေလိမ့်မည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံသည် အီးယူ၏ဒေသဆိုင်ရာ အညွှန်းထုတ်ကုန်များအတွက် တတိယအကြီးဆုံးဈေးကွက် အဖြစ်လည်း ရပ်တည်နေကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့်လည်း အဓိကကဏ္ဍနယ်ပယ်များ၌ အခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို ဖယ်ရှားပေးရန် သဘောတူညီထားကြောင်း၊ ဥပမာအားဖြင့် မော်တော်ယာဉ်နှင့် အခြားသော လျှပ်စစ်ပစ္စည်းများ အတွက် အီးယူ၏ ဘေးကင်းလုံခြုံမှုစစ်ဆေးခြင်းကို အသိအမှတ်ပြုခြင်း၊ အထည်အလိပ်များအတွက် အီးယူကုမ္ပဏီများအသုံးပြုသည့်အညွှန်း (labels) များကို လက်ခံပေးခြင်း စသည်တို့ဖြစ်ကြောင်း၊ အီးယူနှင့် စင်ကာပူနိုင်ငံတို့အကြားရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးထားပြီး၊ အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံအလိုက်လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘောတူညီချက်အတည်ပြုရေးလုပ်ငန်းစဉ်ပြီးဆုံးပါက စတင်အသက်ဝင်နိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ဘင်္ဂလားဒေ့ရှ်မှာ ကြက်သွန်နီ ပြဿနာတက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကြက်သွန်နီဈေးနှုန်း စံချိန်တင်ရလောက်အောင် ခုန်တက်သွားတဲ့အတွက် ဘင်္ဂလားဒေ့ရှ် အစိုးရက ကြက်သွန်နီကို လေကြောင်းလိုင်းကတဆင့် အရေးပေါ်တင်သွင်းနေရတယ်လို့ အစိုးရတာဝန်ရှိသူတွေက တနင်္ဂနွေနေ့မှာ ပြောဆိုပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်က သူစားမယ့်ဟင်းလျာထဲမှာ ကြက်သွန်နီမသုံးတော့ဘူးလို့ဆိုပါတယ်။ တောင်အာရှမှာ ကြက်သွန်နီဈေးနှုန်းဟာ အတိမ်းအစောင်းမခံတဲ့ ပြဿနာဖြစ်ပြီး မကျေနပ်မှုတွေကို နိုင်ငံရေးဂယက်အဖြစ် မီးမွှေးပေးနိုင်လောက်တဲ့ ကိစ္စရပ်လည်း ဖြစ်ပါတယ်။မုတ်သုံမိုးကြောင့် သီးနှံအထွက်နည်းခဲ့ရာက အိမ်နီးချင်း အိန္ဒိယနိုင်ငံထွက် ကြက်သွန်တွေ ဘင်္ဂလားဒေ့ရှ်ထဲ တင်သွင်းမှုကို စက်တင်ဘာလကစလို့ တားမြစ်ခဲ့တာပါ။ ပုံမှန်အားဖြင့် ကြက်သွန်နီ ၁ ကီလိုဂရမ်ကို ဘင်္ဂလားတာကာငွေ ၃၀ ဈေး ရှိခဲ့ရာက အိန္ဒိယက တားမြစ်ခဲ့ပြီးနောက်ပိုင်း တာကာ ၂၆၀ အထိ ဈေးခုန်တက်သွားပါတယ်။

အခုလို လူသိရှင်ကြားပြဿနာတက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအပါအဝင် တူရကီ၊ တရုတ်နဲ့ အီဂျစ်နိုင်ငံတွေက ကြက်သွန်နီ ကုန်သည်တွေ ဆိပ်ကမ်းမြို့ဖြစ်တဲ့ စစ်တကောင်းကိုရောက်လာကြတယ်လို့ ဒေသခံသတင်းတွေမှာဖော်ပြပါတယ်။ အစိုးရပိုင် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးကော်ပိုရေးရှင်း TCB က ကြက်သွန်နီ ၁ ကီလိုဂရမ်ကို ၄၅ တာကာနဲ့ ဒါကာမြို့တော်မှာ ဈေးချရောင်းပေးနေတယ်လို့ ဆိုပါတယ်။

Source: VOA Burmese

https://burmese.voanews.com

## ကမ္ဘာ့အကောင်းဆုံးဆန်စပါးပြိုင်ပွဲတွင် ဒုတိယနှစ်ထပ်မံရှုံးနိမ့်ခဲ့သဖြင့် ထိုင်းဆန်ကို အရည်အသွေးမြှင့်တင်ရန် ဝန်ကြီးညွှန်ကြား

ယခုနှစ် နိုဝင်ဘာလ အစောပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့အကောင်းဆုံးဆန်စပါးပြိုင်ပွဲတွင် နောက်တစ်ကြိမ်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်ကို ပြန်လည်ချေဖျက်ရန်အတွက် ထိုင်းနိုင်ငံ၏ မျိုးရင်းစပါးတစ်မျိုးဖြစ်သော (Thailand's Jasmine) စံပယ်ရနံ့ ထိုင်းပေါ်ဆန်းမွှေး Hom Mali ဆန်ကို အရည်အသွေးမြှင့်တင်ရန်နှင့် တိုးတက်အောင် ဆောင်ရွက်ရန် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနဝန်ကြီး Chalermchai Sri-on က နိုဝင်ဘာ ၁၈ ရက် ပြောကြားလိုက်သည်။

အဆိုပါ အနံ့အရသာပြည့်စုံကောင်းမွန်သော Hom Mali ထိုင်းပေါ်ဆန်းမွှေးဆန်ကို ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ထိပ်ဆုံး၌ရပ်တည်နိုင်ရန် ဝန်ကြီးက လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Hom Mali ဆန်ဟာ အခုနှစ် ကမ္ဘာ့ အကောင်းဆုံး ဆန်စပါးချန်ပီယံရှစ်ပြိုင်ပွဲမှာ ဗီယက်နမ်နိုင်ငံက Vietnam's ST24 ဆန်ကိုရှုံးနိမ့်ပြီး အကောင်းဆုံးဆုနဲ့ ဝေးကွာခဲ့ရတယ်။ မနှစ်ကလည်း ကမ္ဘောဒီးယားနိုင်ငံက Malys Angkor ဆန်ကို ရှုံးနိမ့်ပြီး ချန်ပီယံဆုနဲ့ဝေးခဲ့ရတယ်ဟု ထိုင်းလယ်ယာစိုက်ပျိုးရေးဝန်ကြီးက Chalermchai ကဆိုသည်။

၎င်းက ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော Vietnam's ST24 ဆန်သည် ထိုင်းနိုင်ငံ၏ Hom Mali ဆန်ထက် အနံ့မွှေးကြိုင်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိသော်လည်း ဆန်လုံးရှည်လျားမှု ၊ ဆန်သားနူးညံ့မှုနှင့် အရသာကောင်းမွန်မှုစသည့် အချက်များတွင် သာလွန်ကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ Vietnam's ST24 ဆန်ကို ယခုကဲ့သို့ ထူးခြားကောင်းမွန်သော ဆန်ဖြစ်လာစေရန် ဗီယက်နမ်နိုင်ငံအနေဖြင့် အချိန် ၅ နှစ်ယူကာ အဆင့်ဆင့်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရကြောင်း ဝန်ကြီး Chalermchai က ဆက်လက်ပြောကြားခဲ့သည်။

**Source:** Xinhua Myanmar

https://news.ydnp.net/309835/

## အမေရိကန်-တရုတ် ကုန်သွယ်ရေးသဘောတူညီချက်အပေါ် အကောင်းမြင်စိတ် တိုးလာမှုနဲ့အတူ ရွှေဈေးကျဆင်း

အမေရိကန်-တရုတ် ကုန်သွယ်ရေးဆိုင်ရာ ချိတ်ဆက်ပတ်သက်မှုတွေနဲ့ပတ်သက်လို့ အကောင်းမြင်စိတ်တွေ တိုးမြင့်လာမှုနဲ့အတူ နိုဝင်ဘာ ၁၈ ရက်မှာ ရွှေဈေးတွေဟာ အနည်းငယ်ကျဆင်းခဲ့တယ်လို့ သိရပါတယ်။သီတင်းပတ်ကုန်မှာ အဆိုပါနှစ်နိုင်ငံအကြား အပြုသဘောဆောင် ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ခြင်းနဲ့အတူကုန်သွယ်ရေးသဘောတူညီချက် ရဖို့ အလားအလာကောင်းတွေ တိုးနေပြီဆိုပြီး အကောင်မြင်စိတ်တွေ ကြီးထွားနေလျက်ရှိပါတယ်။ Spot ရွှေဈေးကတော့ ယင်းနေ့မှာ ၀ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်အောင်စလျင် ဒေါ်လာ ၁,၄၆၆ ဒသမ ၀၉ မှာရှိနေသလို အမေရိကန် ရွှေကြိုပို့ဈေးကလည်း ၀ ဒသမ၁ ရာခိုင်နှုန်းကျပြီး တစ်အောင်စလျင် ဒေါ်လာ ၁၄၆၆ ဒသမ ၄၀ မှာ ရှိနေပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၆ ရက်မှာ ဝါရှင်တန်နဲ့ ပေကျင်းအကြား အဆင့်မြင့်လယ်ဗယ် ဖုန်းခေါ်ဆိုမှုတစ်ခု ရှိခဲ့ကြောင်း၊ ကနဦး ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုရဲ့ ပထမအဆင့်အတွက် အဓိကကျတဲ့ ပြဿနာတွေကို နှစ်ဘက်စလုံးအနေနဲ့ ဆွေးနွေးနိုင်ခဲ့ကြောင်း တရုတ်မီဒီယာ Xinhua က ဖော်ပြခဲ့ပါတယ်။ ပထမအဆင့် ကုန်သွယ်ရေးသဘောတူညီချက်နဲ့ ပတ်သက်လို့ ရင်းနှီးမြှုပ်နှံသူတွေဘက်က သတိရှိရှိနဲ့ အကောင်းမြင်စိတ်ရှိနေတာက ရွှေဈေးအပေါ် သက်ရောက်မှုရှိခဲ့ပါတယ်ဆိုပြီး CMC Markets မှ ဈေးကွက်သုတေသီ Margaret Yang Yan က ပြောသွားပါတယ်။

**Source:** https://in.reuters.com/.../gold-edges-down-on-optimism-over-u...& SFJ Strategy First Journal

## STOCK EXCHANGE (19.11.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 4,524 | 54,288,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 7,259 | 27,609,200 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 19 | 156,400 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 0 | 0 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 152 | 449,900 | 12,823,224 | 38,470 |

## Market summary

As of 19th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 479.72 | +2.18 | +0.46% | 477.07 | 479.72 | 477.07 | 11,954 | 82,503,500 | 5 | 656,885 |

### Index chart




# Market Overview

As of 1:00 pm, 19th Nov. 2019

| MYANPIX | 479.72 ▲ 2.18 |
|---|---|
| Total Volume (shares) | 11,954 |
| Total Value (MMK) | 83 mil |
| Listed Company | 5 |
| Market Cap. (MMK) | 656,885 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |